# မောင်ညိုမှိုင်း

(သန်လျင်)

## မီးငြိမ်းမိုး အပါအဝင်

## လျှို့ဝှက်ဆန်းကြယ်

ဝတ္ထုတိုများ



# မီးငြိမ်းမိုး

## (၁)

ကျွန်တော်နှင့် ဦးမှတ်ကြီးသည် အချုပ်ခန်းတစ်ခုမှာ စတင်သိကျွမ်းကြခြင်း ဖြစ်သည် ။ အချိန်က ၁၉၈၉ ခုနှစ်။ ကျွန်တော်ကလည်း မိုက်ပြစ်တစ်ခုနှင့် ရောက်သည့်အချိန်။

ဦးမှတ်ကြီးက အချုပ်ထဲမှာ အခန်းလူကြီး။ အချုပ်သားအသစ်ရောက်လာလျှင် ပုံစံပြရ သည် ။ ပုံစံမှာ နှစ်မျိုးရှိသည် ။ အချုပ်ပုံစံနှင့်ထောင်ပုံစံ။ ဒီမှာ က အချုပ်ဆိုတော့ အချုပ်ပုံစံကို ပြရ သည် ။ ကျွန်တော်လည်း ရောက်စက ပုံစံထိုင်ရသည် ။

ဦးစွာ တင်ပျဉ်ခွေ၍ ဒူးနှစ်လုံးပေါ်ကို လက်သီးဆုပ်မှောက်လျက် တင်ပြီး ခါးကိုမတ်၊ ရင်ကို ကော့၊ မျက်နှာကို ရှေ့စူးစူးသို့ ကြည့်ထားရသည် ။ သည့်နောက် အဖနာမည်၊ နေရပ်လိပ်စာ၊ အသက်၊ အမှုအကြောင်းများကို မေးသမျှ တိုရှင်းလိုရင်းပြောပြရသည် ။ ပြီးလျှင် အချုပ်ထဲမှာ နေနည်း ထိုင်နည်း ရေချိုးနည်း၊ ရေသုံးနည်း၊ ချေးပါသေးပေါက်လုပ်နည်းမှ သည် အချုပ်ထဲမှာ ရန်မ ဖြစ်ရ၊ မခိုးမဂုက်ရ၊ မချွတ်မခွာရစသည် တို့ ကို လိုက်နာရန် သူက သင်ပေးသည် ။ ဒါသည် အချုပ် စည်းကမ်းဖြစ်သည် ။

အချို့သော အချုပ်သားအသစ်များက အချုပ်တို့ ထောင်တို့ သဘောကို နားမလည်၍ ဝင်လာကတည်းက အရပ်စတိုင်လ်၊ အိမ်စတိုင်လ် ချိုး

လာလျှင် သို့မဟုတ် ငါက ပိုက်ဆံရှိသည့် လူပဲ ဘယ်သူ့အရေးစိုက်ရမှာလဲ ဟိုဒီအားကိုးနှင့် ဆောင့်ကြွားကြွားဝင်လာလျှင် ဦးမုတ်ကြီးရဲ့ စိန်ဗေဒါဆိုင်းက တီးသံကို ကြားရပြီသာမှတ်ပေရော့။

“မင်းတို့ အပြင်မှာ ဘာကောင်တွေပဲ ဖြစ်နေနေ၊ ပညာဘယ်လောက်ပဲ တတ်တတ်၊ ပိုက်ဆံ ဘယ်လောက်ပဲ ရှိရှိ ကျားခေါင်းထဲ ခေါင်းငုံ့ဝင်လိုက်တာနဲ့ အဲဒီ ဂုဏ်ပကာသနတွေအားလုံး ဘဂမှာ လွှင့်ပစ်ခဲ့၊ ဒါအချုပ်၊ အိမ် မဟုတ်ဘူး ။ အချုပ်ထဲရောက်ရင် အခွင့်ထူးခံချင်လို့ မရဘူး။ ပဲဟင်းနဲ့ ငပိ အားလုံးတန်းတူစားရမှာ ပဲ။ ပေကပ်ကပ် စွာကျယ်ကျယ် ပမာမခန့် မလုပ်နဲ့ အချုပ်စည်းကမ်းကို မဖောက်နဲ့ ၊ ဖောက်ရင် မုတ်ကြီးကွ၊ ဒီမှာ တွေ့လား”

ပြောသည့်အတိုင်း သူ့လက်တံက ပြောင်လှသည် ။ ထို့ကြောင့် ဦးမုတ်ကြီး အခန်းလူကြီး လုပ်နေသည့်ကာလတစ်လျှောက် အချုပ်ထဲမှာ ငြိမ်ဝပ်ပိပြားသည် ။ မုတ်ကြီးဟောဆိုလျှင် လူသတ်မှု အချုပ်သားရော၊ ဓားပြမှုအချုပ်သားများ ပါ ကြောက်ချစ်ရိုသေကြလေသည် ။

## (၂)

ဦးမုတ်ကြီးနှင့် ကာလအတန်ကြာ လက်ပွန်းတတီးနေသောအခါ ဦးမုတ်ကြီးအကြောင်း ကျွန်တော် သိလာခဲ့ရသည် ။ သူသည် လူသတ်မှုနှစ်ကြိမ်၊ ဓားပြမှုနှစ်ကြိမ် ကျူးလွန်ဖူးသည် ။ အချုပ်ကိုဖောက်၍ နှစ်ကြိမ်ပြေးဖူးသည် ။ အခု အသက်(၅၀) ကျော်၍ (၆၀) နား ကပ်နေပြီ။ အပြင်မှာ နေသည့် အသက်နှင့် ထောင်ထဲ အချုပ်ထဲနေသည့်အသက် ချိန်စက်လျှင် ထောင်သက်၊ အချုပ် သက်က ပို၍ များ နေသည် ။

အိမ်ထောင်နှစ်ဆက်ကျဖူးသည် ။ ပထမအိမ်ထောင်လည်း သူဆိုးသည့်ဒဏ်ကို မခံနိုင်၍ ဟိုးအဝေးသို့ ထွက်ပြေးရသည် ။ လက်ရှိ အိမ်ထောင်နှင့် ကလေးနှစ်ယောက် အပြင်မှာ ရှိသည် ဟု ပြောသည် ။ အခုရင်ဆိုင်နေရသည့်အမှုက လူသတ်မှု မသက်ာမှု။

( . . .) ကျေးရွာဘက်က တံတားတစ်ခုအနီးမှာ ဦးမှတ်ကြီးနှင့် အနည်းငယ်ရင်းနှီးသည့် လူတစ်ယောက် ဓားထိုးခံရပြီး လဲကျနေသည် ။ ဒါကို သွားရင်းလာရင်း ဦးမှတ်ကြီးက တွေ့၍ ကူညီ ဖေးမရန် ပြုသည် ။ သို့ရှိနေစဉ်မှာ ပင် ခရီးသွားအချို့လည်း တွေ့ရှိသွားခဲ့သည် ။ ဆေးရုံသို့ ပို့ရန် လှည့်ပြင်နေစဉ် ထိုဒဏ်ရာနှင့်လူက “မှတ် . . .ကြီး . ..”ဟု တစ်ခွန်းပြောပြီး အသက်ထွက်သွားခဲ့ သည် ။ သို့နှင့် လတ်တလောမျက်မြင်သက်သေများ ထွက်ချက်၊ သေသူ၏ နောက်ဆုံးပြောချက် စကားနှင့် ဦးမှတ်ကြီးအချုပ်ထဲသို့ (၇) ကြိမ်မြောက် ပြန်ရောက်ခဲ့ရပြန်သည် ။

“ဦးမှတ်ကြီး . . . တကယ် မသတ်ဘူးလား”

ကျွန်တော်က တိုးတိုးလေး မေးလိုက်သည် ။

“မသတ်ရပါဘူး မောင်ရာ၊ သေသူထွန်းခင်ဟာ ကျုပ်နဲ့ တစ်ချိန်က လောင်းကစားဖက် မှန် ပါတယ်၊ ရန်လည်း မဖြစ်ဖူးဘူး၊ အငြိုးအတေးလည်း မရှိဘူး။ ကျုပ်က သတ်ရဲရင် ခံရဲတဲ့ လူပါဗျ။ ခုဟာကြီးက မပြေးသော် ကန်ရာရှိနေတော့ ဂငျှပဲလို့ ပဲ မှတ်လိုက်တယ်ဗျာ၊ ဆရာတော် ဦးဗုဒ် ပြော သလိုပေ့ါ။ မယ်နု ဂငျှရှိရင် ကျေအောင်ဆပ် ဆိုသလိုပေ့ါ”

ညဘက်ရောက်လျှင် သူက သူ့သားလေးနှစ်ဦးနှင့် ဇနီးသည် ကို သတိရကြောင်း ပြောရှာ သည် ။ ရုံးထွက်လျှင် ဟိုဆေးအုန်းသီးကျေးရွာမှ ဇနီးသည် က ရုံးချိန်းလာတွေ့သည် ။ သူ့အဆိုအရ သားအငယ်ကောင်က ငါးနှစ်၊ အကြီးကောင်က ခုနစ်နှစ်ရှိပြီဟု ဆို၏ ။

ကျွန်တော်က ကောင်းရောင်းကောင်းဝယ် လုပ်ကိုင်စားသောက်ပါလား ဦးမှတ်ကြီးရာဟု ပြောသောအခါ။

"လုပ်စားတာပါပဲဗျာ၊ ဒါပေမယ့် နဂိုလက်စနဲ့ နာမည်ပျက်ကရှိနေတော့ ဟိုရွာမှာ ဓားပြ တိုက်လည်း မှတ်ကြီးပဲ ထင်ကြ၊ ဒီရွာမှာ ဓားပြတိုက်လည်း ကျုပ်ပဲ မသင်္ကာကြနဲ့ လူ့ပြည်နေရတာ အနေကြပ်လှတယ် စားရေးဆရာရယ်"

ဟု ညည်းရှာသည် ။

"တရားကို နတ်စောင့်ပါတယ်၊ ဦးမှတ်ကြီးရာ"

"တကယ် စောင့်ပါစေလို့ ဆုတောင်းပါတယ်၊ စာရေးဆရာရယ် ဟုတ်လို့ ခံရတာ အရေး မဟုတ်ပါဘူးဗျာ၊ ကိုယ်မဟုတ်ပါဘဲ ခုလို အသားလွတ်ကြီးနဲ့ အချောင်ခံရမှာ ကို ဂမ်းနည်းတယ်ဗျာ"

ထိုအခါ ကျွန်တော်က အမှတ်တရားဆိုသည် တစ်နေ့ အဖြေပေါ်ပါလာလိမ့်မည်။ မေတ္တာ စိတ်နှလုံးသွင်း၍ စောင့်ပါဟု ပြောရလေသည် ။

## (၃)

ဦးမှတ်ကြီး အချုပ်ထဲရှိနေစဉ်ကာလအတွင်း အမှုထမ်းများက အထူးသဖြင့် ဦးမှတ်ကြီးကို မကြာခဏ လာလာမေးလေ့ရှိသည် ။ ဒီအကြောင်းကို စူးစမ်းလိုက်သောအခါ အကြောင်းတွေက ရှိနေသည် ကိုး ။

ကျွန်တော် အထဲမှာ ရှိနေစဉ်ကာလအတွင်း မကြာခဏ 'တလာစီ' လေ့ရှိသည် ။ 'တလာစီ' ဆိုသည် မှာ ရှောင်တခင် အချုပ်ခန်းအားလုံး

သမံတလင်း ကြမ်းခင်းပေါ်မှာ ဆောင့်ကြောင့်ထိုင်၊ ဒူးပေါ်မျက်နှာ မှောက်ခါ ငုံ့ထားရသည် ။ ထိုအချိန်မှာ အိပ်ရာခင်းများ ၊ စားစရာထည့် သည့် ကျွတ် ကျွတ်အိတ်များ ၊ တာယာကြိုးအကြား၊ အိမ်သာကြား၊ ရေချိုးတိုင်ကီအောက်များ ၊ သမံတလင်း ပတ်ကြားအက်ကြားပါမကျန် လက်နက်၊ မူးယစ်ဆေးဝါး၊ အခြားမရှိသင့်သည့်ပစ္စည်းများကို ရှာကြ သ ည် ။ ဒါကလည်း မရှာလို့ မဖြစ်။

အချို့အချုပ်သားများက သွားပွတ်တံအကျိုးကို သမံတလင်းနှင့် ရှပ် တိုက်၍ ချွန်ပြီး ဂုက်ထား၊ ဆောင်ထားတာမျိုးရှိသည် ။ အချို့ ကော် အကျိုးစ၊ ဖန်ကွဲအစလေးများကို လျှို့ဂှက်ယူ ဆောင်၍ ဂှက်ထားတာမျိုး ရှိသည် ။ ထို့ကြောင့် ရုံးချိန်းမှ ပြန်ဝင်လာလျှင် အမှုထမ်းများ အချုပ် သား များ ပါလာသည့် ပစ္စည်းများ နှင့်ခန္ဓာကိုယ်အနှံ့ကို ပိုက်စိပ်တိုက် ရှာကြရသည် ။

ထိုအရာဝတ္ထုများ သည် အချုပ်ထဲမှာ ရန်ဖြစ်လျှင် အလွန်အန္တရာယ် များ သည် ။ ထို့ကြောင့် မကြာခဏ တလာစီရသည် ။ ဤကဲ့သို့ တလာစီ ၍ လက်သည် ပေါ်လျှင်တော့ ကျားခေါင်းထဲထည့်၍ နောက်တစ်မှုတိုးပြီ သာ မှတ်ပေရော့။

‘ကျားခေါင်း’ထဲမှာ နေရသည့်ဘဝက အလွန်ဆိုးသည် ။ ကျားခေါင်း ဆိုသည် မှာ အချုပ်ခန်း အဝင်အဝမှ နှစ်ပေခန့် အခန်းကျဉ်းကလေးဖြစ် သည် ။ မအိပ်သာ မလူးသာနေရာရယ်၊ လမ်း လျှောက်၍ မရ၊ ထိုင်ရင် ထိုင် ထရင်ထ ဒါပဲရသည် ။ အပြစ်ထပ်မံ ကျူးလွန်သူများ အတွက် သီး သန့် နေရာဖြစ်သည် ။

ထောင်ထဲမှာ ကျတော့ ‘တိုက်ပိတ်သည် ’ တိုက်ပိတ်ခံရလျှင် ပိုဆိုး သည် ။ မူလပြစ်မှုနှင့် ထောင်ကျလျှင် သံခြေချင်းတစ်ခု၊ အထဲမှာ ထပ်မံ

၍ အပြစ်ကျူးလွန်လျှင် 'ဒေါက်' ထည့်လိုက် သည် ။ သံခြေချင်းမှ ဒေါက် ထည့်လိုက်လျှင် အတော်သွားရလာရ ကြပ်လှသည် ။ ဒေါက်မှာ အတည့် ဒေါက်ရှိသည် ။ ကြက်ခြေဒေါက်ရှိသည် ။ အလွန်ဆိုးရွားသူများကို ထို ဒေါက်များ တိုးမြှင့်ခတ်ပြီး တိုက်ပိတ်သည် ။ ထို့ကြောင့် ထောင်ထဲမှာ တိုက်ပိတ်ခံရမည်ကို တော်ရုံတန်ရုံရာဇဝတ်သားများ ကြောက်ကြသည် ။ ဒီလိုမှ ပြစ်ဒဏ် မပေးလျှင်လည်း မ,တစ်ထောင်သားတွေ ဆိုးလိုက် မည့် ဖြစ်ခြင်း။

ကျွန်တော် လေ့လာ၍ သိရသလောက်ဆိုလျှင် ဦးမှတ်ကြီးကို အမှုထမ်းများက မျက်ခြေ မပြတ် မခံသလောက်ပင်။ ဘာကြောင့်မူ သူ သည် လွန်ခဲ့သည့် အချိန်ကာလများက သည် အချုပ်ကို နှစ်ကြိမ်တိုင် တိုင် ဖောက်၍ ထွက်ပြေးဖူးသောကြောင့်ဟု သိရလေသည် ။

## (၄)

လွန်ခဲ့သည့် ၁၅ နှစ်ကျော်ကျော်ခန့်က သည် မှာ အချုပ်ခန်းနှစ်ခုရှိသ ည် ။ တစ်ခုက အပေါ် ချုပ်။ အပေါ်ချုပ်ကို အောက်ထပ်မှ ကြောင်လိန် လှေကားနှင့် တက်ရသည် ။

အဲဒီ အချိန်တုန်းက ဦးမှတ်ကြီးသည် ဟိုအရှေ့ခြမ်း ပင်လယ်ဘက်မှ နာမည်ကျော် ဓားပြ နှင့်ပေါင်း၍ ( . . . ) အပိုင်းမှာ ဓားပြသွားတိုက်ခဲ့သ ည် ။

ရာဇဝတ်ဘေးကား ပြေးမလွတ်။ ဘယ်လိုပင် အရှောင်အတိမ်းကော င်းနေပါသော်လည်း သမင်ဆယ်လှမ်း ကျားတစ်လှမ်းဖြစ်သည် ။

နောက်ဆုံး အားလုံးမိတော့သည် ။ သူတို့ လေးဦးအနက် ဦးမှတ်ကြီးနှင့် ဓားပြသိန်းအောင်ကို အပေါ်ချုပ်မှာ ထည့်ထားလိုက်သည် ။

တစ်ချိန် ရုံးအထွက်မှာ ဦးမှတ်ကြီးက သံဖြတ်လွှကျိုးတစ်ခုကို မရရ အောင် ကြံဖန်ပြီး ယူလာသည် ။ အပေါ်ချုပ်ရဲ့ အိမ်သာက အဆောင် အပြင်ကို ထုတ်ထားပြီး သံတိုင်များ စိုက်ထား သည် ။ အိမ်သာနှင့် မြေပြ င်သည် ပေ (၅၀) ခန့် မြင့်သည် ။

ဦးမှတ်ကြီးသည် ညဘက်အိမ်သာတက်တိုင်း ၎င်းလွှကျိုးနှင့် သံတိုင် ကို နည်းနည်းစီတိုက် ၍ ဖြတ်သည် ။ ရက်အတန်ကြာသောအခါ သံတိုင် ကို လှန်ချိုးပြီး စောင်များကို စုတ်ဖြဲ၍ ကြိုးလုပ် ကာ သူ့အဖော်နှင့် အလ စ်အငိုက်မှာ ထွက်ပြေးခဲ့သည် ။

မနက်မိုးလင်း၍ တန်းစီ လူစစ်တော့မှ သိတော့သည် ။ ပထမတော့ အချုပ်သားများက မပြောရဲကြ။ နာမည်ကျော် ရာဇဝင်လူဆိုး လူမိုက် ကြီးများ ဖြစ်၍ သူတို့ အန္တရာယ်ကို ကြောက်ကြ သည် ။ နောက်ဆုံး တော့ ပေါ်တော့သည် ။

မှတ်ကြီးတို့ ဘယ်ပြေးမလဲ။ မြန်မာပြည်အဂှမ်း ကြိုက်ရာပြေးစမ်း။ ရဲအမှုထမ်းများက ခြေရာခံ၍ ရအောင်လိုက်သည် ။ နောက်ဆုံး ရာဇဝတ်ဘေးကား ပြေးမလွတ်။ နရသိန်သို့ နှစ်ရှည် လများ စံပျော်ရ တော့သည် ။

နောက်တစ်ကြိမ်က အောက်အချုပ်မှာ ဖြစ်သည် ။

သည် တိုင်းက နို့ဆီဘူးအခွံအဖုံးကို ရအောင်ကြံဖန်ပြီး ဓားလိုသွေး ၍ သစ်သားတာယာ တန်းကို တစ်နေ့နည်းနည်းစီ လှီးဖြတ်ကာ ဖောက် ၍ ပြေးသည် ။ ဘယ်လိုပြေးပြေး မိုက်သာမိုက် တတ်သည် ။ စာမတတ် တော့ တောမကျွမ်းသော မှတ်ကြီးအဖို့ နောက်တစ်ကြိမ် နရသိန်မှာ နှစ်

ရှည်လကြာစွာ နေလိုက်ရတော့သည် ။

ထိုဖြစ်စဉ်များမှ အစပြု၍ ဦးမှတ်ကြီး အချုပ်ထဲ ပြန်ရောက်လာတိုင်း တာဝန်ကျများက မျက်ခုံးလှုပ်နေရသည် ။ အလစ်လုံးဝ မပေးရဲ၊ သို့သော် ဦးမှတ်ကြီးကား နောင်ကြဉ်သွားခဲ့ပြီ ဖြစ် သည် ။ သူ့မှာ သံယောဇဉ်များ ရှိနေပြီး သံယောဇဉ်မရှိခင်က ဆိုးချင်တိုင်း ဆိုး၊ မိုက်ချင်တိုင်း မိုက်၍ သတ်ရဲ၊ သေရဲခံရခဲ့သော်လည်း ရင်သွေးကလေးနှစ်ဦးရရှိလာသောအခါ သည် ကလေးနှစ်ဦးရဲ့ အနာဂတ်အတွက် အကောင်းဆုံး ပုံဖော်ချင်စိတ် ဖြစ်လာခဲ့ပြီ။

"တော်ပြီ ဆရာညိုမှိုင်းရယ်၊ ဒီတစ်ခါ အမှုကိစ္စပြီးသွားရင် ကျုပ်လည်း အသက်ကြီးလာပါပြီ ဗျာ၊ တရားဓမ္မလေးနဲ့ နေပြီး သမ္မာအာဇီဝနဲ့ လုပ်စားပါတော့မယ်ဗျာ၊ အခုလည်း ဘဲလေး၊ ကြက် လေး၊ ဝက်လေး မွေးပြီး သူရင်းငှားလုပ်နေတာပေါ့ဗျာ၊ အကုသိုလ်ကံ မကုန်သေးတော့ လို့ ပါ။ ဒီကိစ္စ ပြီးသွားရင်တော့ ကျုပ်သားနှစ်ယောက်ကို ကျုပ်လိုလူဆိုး လူမိုက် ရွံ့စရာအကောင်ကြီးမျိုး မဖြစ်ရ အောင် ကျုပ်ကြိုးစားမယ်ဗျာ၊ အခုဆိုရင် ကျုပ်သားနဲ့ ကျုပ်မိန်းမဟာ ကျုပ်ရဲ့ မိုက်ပြစ်ဆိုးပြစ်မွေ တွေကြောင့် လူတွေကြားမှာ နေနေရပေမယ့် ရွံ့စရာ၊ ကြောက်စရာ၊ စိုးရိမ်စရာသတ္တဝါတွေ ဖြစ်နေ ကြတယ်။ အပယ်ခံ အနှိမ်ခံ ဖြစ်နေကြတယ်။ ပေါင်းသင်းဆက်ဆံမယ့် လူမရှိသလောက်ဘဲ။ အရေးဆိုရင် အားကိုးစရာ လူမရှိကြဘူး၊ အဲဒါ ကျုပ်သမိုင်းကြောင်း မကောင်းခဲ့လို့ ဗျာ၊ ကျုပ် နောင်တရပါပြီ စာရေးဆရာရယ်"

သည် တုန်းက သူပြောခဲ့သည့်စကားများ သည် သံမဏိယုံကြည်ချက်နှင့် ပြောသည့် စကား များ ဖြစ်သည် ။ တစ်နည်းဦးနှောက်နှင့် အသ ည်း နှ လုံး ပေါ င်း စ ည်း ၍ ပြောသည့်စကားများ ဖြစ်သည် ။

ကျွန်တော်ဝမ်းသာလိုက်ရတာ ၊ လူသည် ကိုယ့်ကိုယ်ကို ပြုပြင်မှ သာ ရပါသည် ။ ကျွန်တော် အချုပ် ထဲ၊ ထောင်ထဲမှာ တစ်နှစ်ခန့် နေရခဲ့ရသည်ကို အလွန်သေချင်အောင် စိတ်ဆင်းရဲခဲ့ရသည် ။ သူ့လို သာ အချုပ်နှင့်ထောင်ကို အိမ်လုပ်၍ နေရလျှင် ပြောဖွယ်ရာ မရှိတော့။

## (၅)

မကြာခင် အလွန်ဝမ်းသာစရာကောင်းသည့် နိုင်ငံတော်အစိုးရ၏ သတင်းထုတ်ပြန်ချက် တစ်ခု ပေါ်လာခဲ့သည် ။ အမှုသေးများ နှင့် စစ်ဆေးဆဲအမှုများကို ဖြတ်ခြင်း၊ ထောင်ကျရက်များ လျှော့ပေါ့ခံစား လွတ်ငြိမ်းချမ်းသာခွင့်ပေးခြင်းဖြစ်သည် ။ ကျွန်တော်တို့ နှင့် အချုပ်ကျဘက်၊ တရား ရုံးရင်ဆိုင်ဘက်များ ၊ ယင်းလွတ်ငြိမ်းချမ်းသာခွင့်စာရင်းမှာ အကျုံးဝင်၍ အတော်များများ လွတ် မြောက်သွားကြသည် ။

သို့သော် အမှုကြီးများ ဖြစ်သည့် လူသတ်မှု၊ မုဒိမ်းမှု၊ ဓားပြမှုနှင့် ငြိမ်ဝပ်ပိပြားရေး စီမံချက် များ တော့ ကျန်ခဲ့သည် ။

သို့နှင့် ကျွန်တော်တို့ အားလုံး အင်းစိန်ထောင်သို့ ပြောင်းရွှေ့သွားကြရသည် ။ အမှုကြီးများ ဖြစ်၍ ရန်ကုန်တိုင်းတရားရုံးမှာ တရားဆိုင်ရသည် ။ ရုံးချိန်းနေ့ရောက်လျှင် အင်းစိန်မှ အချုပ်ကား နှင့် မဟာဗန္ဓုလပန်းခြံလမ်းရှိ အချုပ်သို့ လာရသည် ။ ထိုအချုပ်မှ သည် ဆိုင်ရာဆိုင်ရာ တရားရုံးများ သို့အမှုကို ရင်ဆိုင်ရသည် ။

ဦးမှတ်ကြီးနှင့် ကျွန်တော်ကား ရုံးချိန်းတိုင်း ရက်ချိန်းတူနေ၏ ။ သူ့မိန်းမ တောသူကလေး သည် ရုံးချိန်းနေ့တိုင်း တောစားစရာလေးများ

လုပ်၍ ယူ လာလေ့ရှိသည် ။ ဦးမှတ်ကြီးနှင့်ဆိုင်လျှင် အသက်ထက်ဝက် နီးပါးခန့် ကွာပုံရ၏ ။ သနားကမား လုံးကြီးပေါက်လှကလေး။ ဦးမှတ်ကြီးက လက်ထိတ်တန်းလန်းနှင့် သူ့မိန်းမမျက်နှာကို တစိမ့်စိမ့်ကြည့်ရင်း သူ့သားများ အကြောင်းကို မေးရှာ သည် ။ စားရေးသောက်ရေးကိစ္စများကို မေးရှာသည် ။

သူ့မိန်းမက လေသံတိုးတိုးလေးနှင့် ဖြေနေသည် ။ အမှုစစ်ပြီး၍ အင်းစိန်ထောင်သို့ ညနေ (၄) နာရီ အချုပ်ကားနှင့် ပြန်ကြသောအခါ သူ့မိန်းမတောသူကလေးသည် သဘက်ကလေး ပခုံး ပေါ်တင်ရင်း ဒန်ထမင်းချိုင့်ကြီးကိုကိုင်ကာ မျက်ရည်စမ်းစမ်းနှင့် ငေးမော၍ ကျန်ခဲ့တော့သည် ။

ကျွန်တော်ကရောတဲ့ ။

လှိုင်းလေးကြားမှ နှစ်ထပ်သင်္ဘောစီး၍ သားတရားခံဆီသို့ လာတွေ့ရသည့်အတွက် (၈၀) ကျော်အမေသည် ကြပ်ပိတ်သိပ်နေသည့် အချုပ်ကားနှင့် သားလုပ်သူပြန်ပါသွားသည် ကို တွေ့ရ သောအခါ မျက်ရည်များ နှင့် ငို၍ ကျန်ခဲ့ရစမြဲရယ်။

မိုက်ပြစ်များ ရဲ့ နောက်ဆက်တွဲ အကျိုးတရားများ ရယ်လေ။

## (၆)

တစ်နှစ်နီးပါးခန့်ကြာသောအခါ ကျွန်တော့်အမှုကို တိုင်းတရားရုံးမှသည် မြို့နယ်တရားရုံး သို့ ပြန်၍ ချပေးလိုက်သည် ။

ထိုအချိန်တွင် ဦးမှတ်ကြီးသည် ထောင်သက်ရင့်ကြီးပီပီ ထောင်ထဲ

မှာ အခန်းလူကြီးပဲ ပြန် ဖြစ်နေသည် ။ သူ့အောက်မှာ ထမင်းထုတ်ကိုင်၊ ရေထုတ်ကိုင်နှင့် စည်းကမ်းထိန်းသိမ်းရေး စသည့် လက်အောက်ခံများ နှင့် ဖြစ်နေသည် ။ နေရေးထိုင်ရေး စားရေးသောက်ရေး အဆင်ပြေပါ သော်ငြား လည်း သူ့သားများ နှင့်ဇနီးကို လွန်စွာသတိရ၍ နေရှာသည် ။

မကြာခင် ကျွန်တော်( . . .) မြို့ အချုပ်သို့ ပြန်ပြောင်းရမည်ဆိုသော အခါ . . .။

“ခင်ဗျားက မကြာခင် လွတ်တော့မှာ ပါ ကိုမိုင်းရယ်၊ ကျုပ်အမှုက တော့ သက်သေတွေ ပြန် စစ်နေတာနဲ့ ကြာဦးမှာ ပါဗျာ၊ ဒီကြားထဲ ကံဆိုးရင် ထောင်ကျဦးမှာ ဗျ။ အတော့်ကို ကံကောင်းမှ လွတ်မှာ ပါဗျာ၊ ခင်ဗျား အမှုကိစ္စပြီးလို့ ကျုပ်နယ်ဘက်ကိုများ ရောက်ခဲ့ရင် ကျုပ်မိသား စုကို လှမ်း ကြည့်အားပေးပေးပါဗျာ၊ ကံကောင်းလို့ ကျုပ်လည်း ပြန် လွတ်လာခဲ့ရင် ဆရာမိုင်းနဲ့ တွေ့ချင်သေး တယ်၊ ကျုပ်ဘဝကို စာရေးစ မ်းပါ စာရေးဆရာရယ်၊ ရာဇဝင်လူမိုက်ကြီးတစ်ယောက်ရဲ့ နေဝင်ချိန် အလွမ်းအကြောင်းပေ့ါဗျာ . . . နော်”

ကျွန်တော်ကလည်း ကတိပေးခဲ့သည် ။ ကျွန်တော်တို့ တစ်နေ့သော အခါ အပြင်မှာ ကောင်း သော၊ ငြိမ်းချမ်းသော၊ လောဘမရှိသော တွေ့ ဆုံခြင်းမျိုးနှင့် ပြန်တွေ့ကြဦးမည်။ ထိုအခါကျရင် ဦးမှတ်ကြီး မိန်းမရဲ့ တောချက်ကြက်သား ကာလသားချက်ကိုစားရင်း ဘဝရဲ့ အဓိပ္ပာယ် အကြောင်း ကို ပုံဖော်ကြမည်။ သည် လိုပြောလိုက်သောအခါ ဦးမှတ် ကြီးက မျက်လုံးများ အရည်လဲ့ကျပြီး တက်ကြွ ကြည်နူးလာသည် ။

ရုံး ချိန်း မှာ ရုံးပြောင်းအမိန့်ချသည့်နေ့က ဦးမှတ်ကြီး ခမျာ ကျွန် တော့်ကိုယ်စား ဝမ်းသာ လွန်း၍ မျက်ရည်ပဲရှာသည် ။ ကျွန်တော် ဦး မှတ်ကြီးအတွက် ဝတ်နေကျ အနွေးထည်အင်္ကျီလေးကို ချွတ်၍ လက်

ဆောင်ပေးလိုက်သောအခါ သူက တုန်ရီသောလက်အစုံနှင့် လှမ်းယူရင်း ကျွန်တော့် လက်ကို ဖျစ်ညစ်ဆုပ်ကိုင်ထားသည် ။

"ဦးမှတ်ကြီး အထဲမှာ ပုတီးစိပ်ဖြစ်ရဲ့ လား"

"စိပ်တယ်ဗျာ၊ အရဟံဂုဏ်တော်ကို မနက်ည ကိုးခေါက် စိပ်တယ်"

"(၃၁) ဘုံကိုရော မေတ္တာပို့ရဲ့ လား"

"သိပ်ပို့တာပေ့ါဗျာ"

"အဲဒီ ကောင်းကျိုးကို ဦးမှတ်ကြီး မကြာခင် ခံစားရမှာ ဗျာ ယုံပါ"

သည့်နောက် ကျွန်တော်တို့ (. . .) မြို့ အချုပ်ကလေးသို့ ပြန်ရောက်လာခဲ့သည် ။ ဝမ်းသာ သည် ။ သည် မှာ က ကိုယ့်မိသားစုနှင့် ရက်ခြား တွေ့ ၍ လွယ်သည် ။ တာဝန်ရှိသူများကလည်း စိတ်ကောင်း နှလုံးကောင်း ရှိကြသည် ။ ထောင်ဆိုသည် ကား တစ်ပတ်နေမှ တစ်ခါ တွေ့ရသည် ။ ဒါတောင် ထောင်ဝင်စာနှင့်မှ ။ သံဇကာ အထပ်ထပ်ခြား ၍ ကိုယ့်လို တွေ့ကြသူတွေအများကြားမှာ ကိုယ့်ထောင်ဝင်စာ လာတွေ့ သူကြားရအောင် မနည်းအော်ပြောရသည် ။ ပြောရတော့လည်း ခွင့်ပြု ချက်က မိနစ်အနည်းငယ် မျှသာ။ လွမ်းစရာ ကြေကွဲစရာချည်း။

ချစ်သောသူများ သံယောဇဉ်ဖြစ်သူများ နှင့် အရှည်အကြာ စိတ်ကျဉ်းကြပ်စွာ ခွဲခွာနေရ သည့် ဘဝကု နောင်တရသည် ။ ထိုအချိန်ကာလများမှ စ၍ နောင်အချုပ်နှင့် ထောင်သို့ရောက်ရမည့် ကိစ္စမှန်သမျှ မည်သည့်ကိစ္စမှ မလုပ်တော့ဟု စိတ်ပိုင်းဖြတ်လိုက်သည် ။

ထိုနေရာများ သည် နေအပ်သော အရပ်မဟုတ်။

မကြာခင် ကျွန်တော်တို့ အမှုအား မြို့နယ်တရားရုံးမှ စီရင်ချက်ချလိုက်သည် ။ ချုပ်ရက်နှင့် ဖြတ်လိုက်ထေလိုက်သောအခါ စီရင်ချက်ချသော

နေ့မှာ ပင် လွတ်ခဲ့ရသည် ။

လွတ်လပ်ခြင်းရဲ့ အရသာကို ခံစားရသည် မှာ အလွန်ချိုမြိန်လှသည် ။

မိသားစုနှင့် သိုက်သိုက်ဝန်းဝန်း ကျန်းကျန်းမာမာ ပြန်ဆုံရသည့်အရသာသည် အလွန် အေးမြလှသည် ။ ဩော် . .. ဘယ်သူမပြု မိမိအမှု ချည်းပါတကား။

ခုချိန်ဆိုလျှင် . . . .

ဦးမှတ်ကြီး တစ်ယောက်တည်း ကျွန်တော်တို့ ကို သတိရနေရှာရော့မည်။

## (၇)

အမှုကိစ္စများ ပြီးစီးသောအခါ စားဝတ်နေရေး ကိစ္စများ အတွက် ဖိလုပ်နေရသဖြင့် ထောင် နံရံကြားမှာ ပေးခဲ့သည့်ကတိများ မေ့လျော့ခဲ့ရသည် ။

နှစ်နှစ်ခန့်ကြာသောအခါ ကျွန်တော် 'ကျိုက်ကွင်း' ဆိုသည့် ရွာကလေးသို့ အကြောင်း တစ်ခုနှင့် ရောက်သွားခဲ့သည် ။ ကျိုက်ကွင်းဘုရားတန်ဆောင်းမှ အဆင်း နောက်ဘက်ဆီမှ ခေါ်သံ ကြားလိုက်၍ လှည့်ကြည့်လိုက်သည် ။

"ဒကာကြီး . . ."

ရဟန်းအိုကြီးတစ်ပါးက ကျွန်တော့်ကို ပြုံး၍ ကြည့်နေသည် ။

"ဘာအလိုများ ရှိပါသလဲ ဘုရား"

"ဒကာကြီး ကျုပ်ကို မမှတ်မိဘူးလား၊ ကျုပ် ကိုမှတ်ကြီးလေ"

"ဗျာ . . . ဦး . . .မှတ် . . . ကြီး၊ အဲ . . .အဲ ဦးပဥ္စင်း မှတ်ကြီး"

"ခေါ်ပါ ကြိုက်သလိုခေါ်ပါ၊ ဒကာကြီး နေကောင်းတယ်နော်"

ကျွန်တော် ဝမ်းသာလိုက်တာ။ ဦးမှတ်ကြီး လွတ်လာခဲ့ပြီ။ ဟော အခု သင်္ကန်းဝတ်နှင့် တွေ့လိုက်ရသည် ။ ပို၍ ဝမ်းသာသွားခဲ့သည် ။ သည့်နောက် ရပ်၍ စကားပြောရန် မသင့်လျော်သော ကြောင့် သူ့ကျောင်းသို့ လာခဲ့မည့်အကြောင်း ပြောလိုက်သည် ။

## (၈)

ညဘက် ရောက်သောအခါ ဦးပဥ္စင်း မှတ်ကြီး (ဘွဲ့အမည် ဦးပညာတေဇ) က စားသောက် ဖွယ်ရာများ ရေနွေးကြမ်းများ နှင့် ဧည့်ခံရှာသည် ။

"ကဲ . . .ရှင်းစမ်းပါဦး ဦးပဥ္စင်းကြီးက ဘယ်လိုအမှုပြတ်သွားခဲ့တာ တုန်း"

"ဆရာမှိုင်း ပြောသလိုပေါ့ဗျာ၊ ကျုပ်ထောင်ထဲမှာ ပုတီးလည်း စိပ်တယ်၊ တရားလည်း မှတ်တယ်၊ မေတ္တာဘာဝနာလည်း ပွားတယ်ဗျာ၊ ဒီကောင်းမှု အကျိုးကြောင့်လား မသိဘူး။ ထွန်းခင် ကို သတ်တဲ့ တရားခံ အစစ်ကို သက်ဆိုင်ရာက ဖော်ထုတ်နိုင်ခဲ့တယ်ဗျာ၊ ဒီမှာ ကျုပ် ကွင်းလုံး ကျွတ် လွတ်ခဲ့ရတာ ပဲ ဆရာမှိုင်းရယ်"

"ဒါဖြင့် ဦးပဥ္စင်းကြီးမိသားစု ပျော်ရွှင်ချမ်းမြေ့စွာ ပြန်ဆုံကြလေသတည်းပေါ့"

ကျွန်တော်က သို့ကလို ဂမ်းသာအားရ ပြောလိုက်သောအခါ ဦးပဥ္စင်းကြီးမျက်နှာ ရုတ်ခြည်း ညှိုးနွမ်းသွားခဲ့တော့သည် ။ ဘာများ ဖြစ်လို့ ပါလိမ့်။

"ကျုပ်ကို ဒီအကြောင်းတွေကို မသေခင်မှာ အထူးသဖြင့် ဒကာကြီးကို သိပ်ပြောပြချင် တယ်၊ ဆရာမိုင်းရယ် ခင်ဗျားနေတဲ့ လိပ်စာ ကျုပ်က မသိတော့ ရှာရခက်နေတာပေါ့။ ဒီလို ဆရာ မိုင်းရေ ကံကြမ္မာ အတိမ်အနက်က သံသရာ ကြိမ်နက်ပြီး လွတ်လိုက်တော့ အကြွေးကျန်တွေဆပ် ဖို့ ကြုံလာခဲ့ပြန်တယ်။ ဆရာမိုင်းရယ် ဒီလိုဗျာ"

## (၄)

"ဆရာမိုင်းတို့ ထောင်ကနေပြောင်းသွားတော့ ကျုပ်လွမ်းပြီး ကျန်ခဲ့တာပေါ့ဗျာ၊ အဲဒီ မှာ ကျုပ်မိန်းမပေါ့ ခါတိုင်းတော့ ရုံးချိန်းတိုင်း လာလာတွေ့နေကျပါ။ နောင်တော့ ရုံးချိန်းတိုင်း သူမလာ နိုင်တော့ဘူး ကိုမိုင်းရေ၊ တစ်နှစ်လောက်အတွင်း ခြားခြားပြီးလာတွေ့တယ်၊ လာတိုင်းလည်း စားကောင်းသောက်ဖွယ်ရာများ ယူလာပါပေရဲ့ ၊ နင် ဘာလုပ်နေလဲလို့ မေးတော့ အရောင်းအဝယ် လုပ်နေပါတယ် အစ်ကိုတဲ့ ။ ကလေးတွေရောဆိုတော့ အကြီးကောင်ကို ရွာကျောင်းမှာ ကျောင်း ထားနေပါပြီတဲ့ ။ အင်း . . . ဂမ်းသာစရာပေါ့ဗျာ . . . နော်"

ဒီလိုနဲ့ နောက်ပိုင်း သူလည်း ကျန်းမာရေးမကောင်းလို့ နဲ့ တူပါရဲ့ ဗျာ

၊ လာမတွေ့တော့ပါ ဘူး။ ကံကောင်းချင်တော့ လူသတ်သမားအစစ်ကို သက်ဆိုင်ရာက မမျှော်လင့်ဘဲ ဖော်ထုတ်နိုင်ခဲ့ လို့ ကျုပ်ကွင်းလုံးကျွတ် လွတ်လာခဲ့တယ်။ ကျုပ်အရင် ကျုပ်နယ်သားတစ်ယောက် လွတ်မှာ မို့ အိမ်ကို လှမ်းမှာ လိုက်တယ်။ ကျုပ် ရက်ပိုင်းအတွင်း လွတ်မယ်ဆိုတဲ့ သတင်ပေ့ါ။ ဒါနဲ့ လွတ်လာ ရောပေ့ါဗျာ။

လွတ်တဲ့ နေ့ပဲ ဘဂတူတွေ၊ ဆရာသမားတွေ စုပေါင်းပေးလိုက်တဲ့ ငွေကလေးနဲ့ စားစရာ သောက်စရာတွေ ဝယ်ခြမ်းပြီး ရွာကိုပြန်လာ လိုက်တယ်။ ကျုပ်တို့ ရွာက ကတ္တရာလမ်းနဲ့ အတော် လှမ်းတာဗျ၊ ကတ္တရာလမ်းကနေ ရွာသွားမယ် ကုန်းတန်းကိုဆင်း၊ ကုက္ကိုပင်အောက်မှာ ချာတိတ် ကလေးနှစ်ယောက်ကို တွေ့လိုက်ရတယ်။ ဒါနဲ့ ကျုပ်က -

"ချာတိတ်တို့ မင်းတို့ ဘာစောင့်နေတာလဲကွယ့်"

ဒီမှာ အကြီးကောင်လေးက . . .

"ကျွန်တော်တို့ အဖေကို စောင့်နေတာ ဘကြီးရ"

"ဩော် . . .ဟုတ်လား၊ မင်းတို့ အဖေက မြို့ဈေးကို သွားနေလို့ လား ကလေးတို့ ရဲ့ "

" မဟုတ်ဘူး ဗျ၊ ကျွန်တော်တို့ အဖေက ရန်ကုန်မှာ ထောင်ကျနေ တာ၊ ဒီရက်ပိုင်းအတွင်း လွတ်လိမ့်မယ်လို့ လူကြုံကပြောလို့ နေ့တိုင်း ဒီနေရာကနေ လာစောင့်နေတာ ဘကြီးရဲ့ "

"ဟေ . . . မင်း . .. မင်း . . . တို့ အဖေ . . . နာမည်က ဘယ် ဘယ်သူ"

"ဦး . . .မှတ် . . . ကြီး"

"ဘုရား ကျားသားမိုးကြိုး . . . သားလူလေး မင်း . . . မင်း လှအောင်၊ သူ. . . သူက လှဆောင် ဟုတ်တယ် မဟုတ်လား"

"ဗျာ . . . ဘ . . . ဘ . . .ကြီးက"

"ငါ မင်းတို့ အဖေ ထောင်ထွက် မှတ်ကြီးလေ"

"အဖေ . . ."

"အဖေ. . . ."

ကုက္ကိုပင်ရိပ်အောက်မှာ ကိုယ့်သား အရင်းခေါက်ခေါက်များကို တွေ့ပါလျက် မမှတ်မိတဲ့ ဘ၀။ ကျုပ် အားရပါးရ လှိုက်လှဲဝမ်းသာ ပွေ့ဖက်နမ်းရှုံ့ပြီး ချုံးပွဲချ ငိုပစ်လိုက်တယ်။ သားတွေ ကလည်း ရှိုက်ကြီးတငင်ကိုကြတယ်။ ငိုလို့ ဝကြတော့မှ ပါလာတဲ့ မုန့်ပဲသရေစာလေးများ ကျွေးပြီး သားတို့ အမေရော နေမကောင်းဘူးလားလို့ မေးလိုက်တယ်။

သားတွေက ဘာမှ ပြန်မပြောကြဘူး။ မျက်နှာလေးတွေ ငုံ့ပြီးနေကြတယ်။ အတန်ကြာကြာ ချော့မော့မေးလိုက်မှ အမေရွာမှာ မရှိဘူးတဲ့ ။ သားတို့ ကို ဘကြီးဘုန်းကြီးကျောင်းမှာ အပ်နှံပြီး လိုအပ်တာကို အမြဲလာပေးနေပါတယ်တဲ့ ။ တစ်ပတ်ကိုတစ်ခါ ရွာကိုလာပေးပါတယ်တဲ့ ။ ဘာလို့ လဲ သားတို့ ရယ်လို့ မေးလိုက်တော့မှ . . .

ဩော် . . . မိသိန်းရွှေက အိမ်ထောင်သစ် ထူလိုက်ပြီရယ်ကိုး။

တောက် . . . ကျုပ်ဒေါသတွေ ပေါက်ကွဲကုန်တယ်။ ကျုပ်က မိသားစုကို ဘ၀သစ်နဲ့ ထူထောင်ပြီး ပျော်ရွှင်ချမ်းမြေ့စရာ ကောင်းအောင် ကြိုးစားဖို့ ဝမ်းသာအားရ ပြန်လာခဲ့တယ်။ အခု မိန်းမက နောက်ယောကျ်ားနဲ့ ပျော်ပြီး ကလေးတွေကို အဝေးမှာ ထားခဲ့တယ်။ ရင်ထဲမှာ ဒေါသလှိုင်း ထလာခဲ့တယ်။ ကျုပ်ရဲ့ ဇာတိသွေးက နေလို့ မရတော့ဘူး။ သူတို့ ဘယ်မှာ နေသလဲလို့ မေးလိုက် တော့ မြို့ပေါ်ကွက်သစ်ထဲမှာ နေတာပဲတဲ့ ။ သားတို့ မရောက်ဖူးဘူးတဲ့ ။ ဒါနဲ့ ကလေးတွေကို စား စရာပေးခဲ့

ပြီး မင်းတို့ ရွာကို ပြန်သွားကြ။ အဖေလာခဲ့မယ်လို့ ။ ဒီတော့ သားတွေက အဖေဘယ်သွား မလို့ လဲတဲ့ ။ ငါမင်းတို့ အမေကို သွားတွေ့မယ်လို့လို့ ပြောလိုက်တယ်။ နားလည်စပြုနေတဲ့ သားကြီး က အဖေမသွားပါနဲ့ သားတို့ နဲ့ ပဲ အတူနေပါ။ အဖေရှိရင် သားတို့ နေလို့ ရပါတယ်လို့ မျက်ရည်လည် ရွဲနဲ့ ပြောရှာတယ်။ သိတယ်မဟုတ်လား မှတ်ကြီးဗျာ ဘယ်သူ့အကြောမှ ခံတဲ့ ကောင် မဟုတ်ဘူး ။ ကျုပ် အတန်တန်တားနေတဲ့ သားနှစ်ယောက်ကို မျက်ကွယ်ပြုပြီး မြို့သွားတဲ့ ကားနဲ့ ပြန်လိုက်လာ ခဲ့လိုက်တယ်။

## (၁၀)

ပထမဦးဆုံး ဈေးထဲဝင်ပြီး ဆိုင်တစ်ဆိုင်က သားလှီးဓားအချွန်တစ်ချောင်းကို ဝယ်လိုက် တယ်။ သစ္စာမရှိတဲ့ ကောင်မကို တွေ့ရာသချႋင်းဓားမဆိုင်းဘဲ သတ်မယ်။ နောက်ပြီး ရာဇဝင် လူဆိုးလူမိုက် မှတ်ကြီးရဲ့မယားကို ခြေတော်တင်တဲ့ ကောင်ရဲ့ လည်ချောင်းသွေးကို ကျုပ်ခြေနဲ့ဆေးပစ်မယ်။

ဒီလိုနဲ့ မြို့ပေါ်က ကွက်သစ်ထဲကို ရောက်လာခဲ့တယ်။ ရပ်ကွက်အဝင်ထိပ်က 'သုခိတာ' ဆိုတဲ့ လိုင်စင်စီ အရက်ဆိုင်ထဲကိုဝင်ပြီး အရက်တစ်လုံး မှာ လိုက်တယ်။ ဆိုင်ရှင် လူဂဂက အရက် နဲ့ အမြည်းလာချပေးတယ်။ သောက်ရေချိုင့် လာချပေးတယ်။ သူ့ပုံစံက သဘောမနောကောင်းပုံရ တယ်။ ဖောက်သည် အသစ် ဖြစ်ပုံရတဲ့ ကျုပ်ကို ဂရုစိုက်တယ်။ သူက စကားပြောလည်း ပြေပြစ် တယ်။ အိမ်နဲ့ ဆိုင်ကတွဲလျက်မှာ ။ အရက်သာ ရောင်းတယ်။ လှမ်းကြည့်လိုက်တော့ ဘုရားခန်းက ဟည်း

နေတာပဲ။ ဒါနဲ့ ကျုပ်က မေးလိုက်တယ်။

"ဒီရပ်ကွက်ထဲမှာ ဆေးအုန်းသီးရွာက မိသိန်းရွှေဆိုတာကို ကြားဖူးလားဗျ"

"ဗျာ . . .ဘယ် . .. ဘယ်သူ . .. အစ်ကိုကြီး"

"မသိန်းရွှေတဲ့ ၊ အသားလတ်လတ် အသက် (၃၅) နှစ်လောက်ရှိတယ်ဗျာ"

သူ ကျုပ်မျက်နှာကို အတန်ကြာစိုက်ကြည့်ပြီး စဉ်းစားနေတယ်။ ဒီအချိန်မှာ အရက် သောက်သူများ ရောက်လာလို့ သူ့အလုပ်သမားများကို လှမ်းပြောလိုက်တယ်။ သည့်နောက် အသံ ကိုထိန်းရင်း . . .

"သိ . . . သိ . . . ပါတယ် . . . ခင်ဗျာ"

"သူ . .. အခု . . . ဘယ်မှာ နေလဲ . . ."

"မကြာခင် . . . သူလာပါလိမ့်မယ် အစ်ကိုကြီး၊ အစ်ကိုကြီး လိုအပ်တာ သုံးဆောင်ပါ ခင်ဗျာ"

သူက အရက်ကုန်တော့ ထပ်ချပေးတယ်။ ကျုပ်က ပိုက်ဆံမရှိတော့ဘူးလို့ ပြောလိုက်တော့ အလကားသောက်ပါတဲ့ ။ သူစေတနာနဲ့ တိုက်တာပါတဲ့ ။ အစ်ကိုကြီး ထမင်းစားပြီးပလားလို့ မေးတယ်။ မစားရသေးဘူးဗျာလို့ ပြောလိုက်တော့ သူကိုယ်တိုင် အိမ်ပေါ်ပြေးတက်သွားပြီး ထမင်း ဟင်းတွေ ယူလာကျွေးပါလေဗျာ။ ဟင်းက ဝက်သားဟင်း၊ မျှစ်ချဉ်ရည်ဟင်းချိုဗျ၊ ငါးပိရည်နဲ့ တို့စရာကလည်း ပါလိုက်သေးတယ်။ ကျုပ်လည်း လည်ချောင်းထဲ ယားကျိကျိဖြစ်လာတာနဲ့ မထူး ဘူးဆိုပြီး ဒီလိုဟင်းကောင်းများ မစားရတာ ကြာပြီမို့လားဗျာ။ အားရပါးရစားပစ်လိုက်တာဗျာ။

စားလို့ လည်း ဝရော၊ လက်လည်း သုတ်ပြီးရော ဆိုင်ရှင် ကိုချစ်စရာ ဆိုတဲ့ လူက ဖန်ခွက်နဲ့ သောက်ရေကမ်းပေးတယ်။ သောက်မလို့ လုပ်နေတုန်းမှာ ပဲ အမျိုးသမီးတစ်ဦး ပစ္စည်းအပြည့် အမောက်ပါတဲ့ ဆွဲခြင်းကြီး ခါးထစ်ခွင်ပြီး ဝင်လာတယ်။ လှည့်ကြည့်လိုက်တော့ ကျုပ်အံ့ဩသွား တယ်။

"မိသိန်းရွှေ"

"ဟင် . . . အစ်ကို . . .အစ် . . .ကို . . . မှတ်ကြီး"

"ဝုန်း"

သူမဟာ ကျုပ်ကိုလည်း မြင်ရော လက်ထဲက ဆွဲခြင်းကြီးကို လွှင့်ပစ်လို့ ကျုပ်ရှေ့မှာ ဒူးထောက်ချလိုက်တယ်။ မျက်ရည်တွေလည်း စီးကျလို့ ။

"ဖြန်း. . ."

ကျုပ်က သူမရဲ့ ဘယ်ဘက်ပါးကို အားကုန်လွှဲရိုက်လိုက်တယ်။ ဒီအချိန်မှာ ဆိုင်ရှင် ကိုချစ်စရာက အစ်ကိုကြီးလွှန်မယ်ဆိုပြီး ဝင်ကာလိုက်တယ်။

"ခင်ဗျားနဲ့ မဆိုင်ဘူး ကိုချစ်စရာ နောက်ဆုတ်နေပါ။ ကျုပ် ဒီနေ့ သူ့ကိုသတ်မှာ "

"အစ်ကိုကြီး သူ . . . သူ့ကို မသတ်ပါနဲ့ ဗျာ။ သတ်ချင်ရင် ကျွန်တော့်ကို သတ် . . . ပါ အစ်ကိုကြီးရာ . . ."

ဘာဆိုင်လို့ ကျုပ်က ခင်ဗျားကို သတ်ရမှာ လဲ။ ဒီမိန်းမယုတ်ကို သတ်မှ "

“မဟုတ်သေးဘူး အစ်ကိုကြီး သူ . . .သူဟာ ကျွန်တော့်ရဲ့ ဇနီး ဖြစ် . . . ဖြစ်နေလို့ ”

“ဟင့် . . . ခင်ဗျားရဲ့ ဇနီး ဖြစ်နေတယ်။ ဟုတ် . . . ဟုတ်လား”

ကျုပ် ပိုပြီး အံ့သြသွားခဲ့ပြန်ပြီဗျာ။

ကျုပ်ကို အရက်တိုက်၊ ထမင်းကျွေး၊ သောက်ရေခပ်ပေးတဲ့ ကိုချစ်စရာက ကျုပ်သိပ်ချစ် ရတဲ့ ဇနီးရဲ့ ယောကျ်ားတဲ့ ။ ကျုပ် ခါးကြားက ဓားမြှောင်ကို ဆွဲထုတ်လိုက်တယ်။ သိန်းရွှေက မျက်ရည် လည်ရွဲနဲ့ အတင်းတောင်းပန်နေတယ်။ ကိုချစ်စရာကလေ သူ့ကိုသတ်ဖို့ တုန်တုန်ရီရီနဲ့ ရင်ကော့ ပေးနေတယ်။

ကျုပ် အံ့ကို ကြိတ်လိုက်ပြီး ဓားကိုင်လက်ကို မြှောက်လို့ ပစ်ထည့်လိုက်တယ်။

“ဒုတ် . . .”

“ဟယ် . . .”

ဓားမြှောင်က အရက်ဆိုင်က သရက်ပင်ရဲ့ ပင်စည်ထဲကို စူးစူးနစ်နစ် စိုက်ဝင်သွားခဲ့တယ်။ သည့်နောက် ကျုပ်ကုလားထိုင်မှာ ပြန်ထိုင်ပြီး လက်ကျန်အရက်ကို အကုန်မော့ချလိုက်တယ်။ ကျုပ်ပါးပြင်ပေါ်ကို မျက်ရည်တွေ စည်းကျနေတယ်ဗျာ။ ကျုပ် သိပ်ချစ်ရတဲ့ မိန်းမရဲ့ မျက်နှာကို မျက်ရည်ကြားကနေ ရီဝေစွာ စိုက်ကြည့်နေလိုက်တယ်။

"အစ်ကို . . . ကျွန်မလေ အစ်ကိုအချုပ်ထဲ ထောင်ထဲရောက်နေစဉ် ကာလမှာ စားဝတ် နေရေး အခက်အခဲပေါင်းစုံနဲ့ ရင်ဆိုင်နေရတယ် အစ်ကို၊ ဘယ်သူ့ထံမှ လည်း ချေးလို့ ငှားလို့ မရဘူး။ ဘယ်သူကမှ လည်း အယုံအကြည်မရှိကြဘူး။ ဘိုးလေး ကိုဘိုးအုန်း ကောင်းလို့ က လေးနှစ် ယောက် ထမင်းစားနေရတာ ၊ ဘိုးလေးကလည်း ရှိရှာသူ မဟု တ်ဘူး လေ အစ်ကို။ ကျွန်မသားလေး တွေ သူများ မုန့်စားလို့ ခမျာများ မုန့်မစားရဘူး။ ရေပဲ သောက်နေရတယ်။ သူများ ဝတ်သလို ဝတ်စရာ မ ရှိတဲ့ ဘဝ နေများ မကောင်းရင် ဆေးခန်းကိုမပြနိုင်ဘူး အစ်ကိုရယ်"

ကျွန်မ ကြိုးစားပြီး သူများ အိမ်မှာ ထမင်းချက် အဝတ်လျှော်လိုက် လုပ်တယ်။ ဒါပေမယ့် စားဖို့ မလုံလောက်ခဲ့ဘူး။ ကြာတော့ ကလေးနှစ် ယောက်လည်း အာဟာရမပြည့်ဝလို့ ပိန်ချုံးလာကြ တယ်။ နောက်ဆုံး သားနှစ်ယောက်ရဲ့ ဘဝဆင်းရဲနဲ့ အစ်ကို့ကို ထောင်ဝင်စာလာတွေ့ပြီး စားစရာ များ ပေးချင်လွန်းလို့ နောက်ဆုံး ဖြစ်ချင်ရာဖြစ် ကျွန်မရဲ့ ဘဝ ကို မမျှော်လင့်ဘဲသိခဲ့ရတဲ့ ဟောဒီ ကိုချစ်စရာထံမှာ တစ်ညကြေးနဲ့ ပုံအ ပ်ခဲ့တယ်။

ဒါပေမယ့် ကိုချစ်စရာက ကျွန်မဘဝကို ကိုယ်ချင်းစာပြီး ကောင်းစွာ စောင့်ရှောက်ခဲ့တယ်။ လိုအပ်သမျှ ဖေးမခဲ့တယ်။ ကလေးနှစ်ယောက်ရဲ့ စားဝတ်နေရေးကိစ္စကနေ ကျောင်းနေရေးကိစ္စ များ အထိ ကိုချစ်စရာ က ကြည့်ရှုခဲ့တယ် အစ်ကို။

နောက်ဆုံးတော့ အစ်ကိုရယ် မရှိသေစကားကြာတော့ သံယောဇဉ် ဖြစ်ကုန်ကြပြီး ကျွန်မ . . တို့ . . . ကျွန်မတို့ . . . အစ်ကို အို။ အစ်ကို အစ် ကိုသိရင် သတ်မှာ ပဲလို့ တွက်ပြီးသားပါ အစ်ကို။ ကျွန်မဘယ်ဘဝပဲရော က်ရောက် သေချင်လည်း သေ။ ကျွန်မကလေးတွေ ဒုက္ခပင်လယ်ကြော

မှာ နစ်မွန်းမှာ ကျွန်မ မကြည့်ရက်ဘူး။ သူတို့ လေးတွေ ပညာမဲ့ အသိမဲ့ ဘဝနဲ့ အစ်ကို့လို လူဆိုးလူမိုက် ဖြစ်မှာ ကို ကျွန်မမကြည့်ရက်ဘူး။ မျှော် လင့်ချက် နည်းနေတဲ့ အစ်ကို့ဘဝကိုလည်း သနားတယ်။ ကျွန်မ ပြည့်တ န်ဆာဘဝမရောက်အောင် သူကယ်ခဲ့တယ်။ ဒါဟာ ကျွန်မရဲ့ အမှား၊ ကျွန်မရဲ့ သစ္စာ မဲ့မှုလို့ အစ်ကိုယူဆခဲ့ရင် သတ်ပါအစ်ကိုရယ်။ အမိုက်မ ကို သေရဲပါတယ်။ သတ်ပါ. . . . အစ်ကို သတ်လေ . . .အစ်ကိုရဲ့ ။

မသိန်းရွှေက ကျုပ်ဒူးနှစ်ဖက်ကို ဖက်လှုပ်ပြီး ရှိုက်ကြီးတငင် ငိုနေ တယ်။ သြော် ကျုပ် ကြောင့် ကျုပ်မိုက်ပြစ်တွေကြောင့် ကျုပ်မှီခိုအား ထားနေကြရတဲ့ ဘဝလေးတွေ ယိမ်းယိုင်ကုန်ကြ ပါကလား။ ဒီ ဇာတ်လမ်းမှာ တရားခံအစစ်က ကျုပ် . . .ကျုပ်။

ကျုပ် မသိန်းရွှေ ပခုံးကို လက်ကြမ်းကြီးနဲ့ ညင်သာစွာ ကိုင်လိုက်ပြီး ထခိုင်းလိုက်တယ်။ ပြီးတော့ သူမရဲ့ ပါးကို ညင်သာစွာ နမ်းလိုက်တယ်။ ဒီမှာ မျက်ရည်နှစ်ခု ပေါင်းစည်းသွားခဲ့တယ်။

ကျုပ်ရဲ့ အနမ်းဟာ ဇနီးမယားကို တဏှာရမ္မက်နဲ့ နမ်းတဲ့ အနမ်း မ ဟုတ်ဘူး ။

ကြေကွဲဖို့ ကောင်းတဲ့ ဘဝလောကဓံအကြားက နှမလေးကို အစ်ကို ကြီးတစ်ယောက်က နမ်းလိုက်တဲ့ အနမ်း။

ပြီးတော့မှ သူ့ကိုယ်လုံးလေးကို ငေးကြည့်နေတဲ့ ကိုချစ်စရာဘက်ကို တွန်းလို့ လိုက်တယ်။ ကိုချစ်စရာက မသိန်းရွှေရဲ့ လက်ကို ကြင်နာစွာဆု ပ်ကိုင်ပြီး ဒူးထောက်ချလို့ ကျုပ်ကို ထိုင်ကန် တော့ကြတယ်။ မင်းတို့ ရိုးမြေကျပေါင်းကြပါတော့လို့ ပြောပြီး ကျုပ် သူတို့ ကို ကျောခိုင်းခဲ့လိုက် တယ်။ ကျုပ်ရဲ့ ရင်ခေါင်းထဲမှာ ကိုချစ်စရာရဲ့ ထမင်းလုတ်တွေက ပြည့် လို့ ။

## (၁၂)

အဲဒီ နောက် ကျူပ် ဒီရွာမှာ ဘုန်းကြီးဝတ်ခဲ့တယ်။ ချစ်စရာနဲ့ မိသိန်း ရွှေကလည်း သားလေး နှစ်ယောက်ရဲ့ ဘဝကို မိဘအရင်းနှင့်မခြား စောင့်ရှောက်ခဲ့တယ်။ သူတို့ က အစ်ကိုကြီး မပူပါနဲ့ တဲ့ ။ အိမ်ဦးခန်းမှာ လာထိုင်စားပါတဲ့ ။ ကျူပ် မစားရက်ပါဘူးဗျာ၊ အိုဇာတာကျလာတဲ့ ကျူပ် အသိပညာ နည်းပါးတဲ့ ကျူပ်၊ အတ္တဒေါသကြီးခဲ့တဲ့ ကျူပ်၊ နေဝင်ချိန်ရောက်နေတဲ့ ကျူပ်။

ကျူပ်သားလေးတွေရဲ့ ဘဝအနာဂတ်ကို လှပအောင် မဖန်တီးပေးနိုင်ခဲ့ပေမယ့် ချစ်စရာတို့ က ကြင်ကြင်နာနာ ပြုစုစောင့်ရှောက်နေတာ မြင်ရတော့ ကျူပ်ရင်ထဲက သောကမီးတောက်များ အပေါ်ကို မီးငြိမ်းမိုးရွာချလိုက်သလိုပါပဲဗျာ။

ခုတော့ (၁၁) မီးလုံးငြိမ်းအောင် ကျူပ် သင်္ကန်းဝတ်ဘဝနဲ့ အရိုးထုတ်လိုက်ပါပြီဗျာ။ ကျူပ်ကြောင့် မျက်ရည်ကျခဲ့သူတွေကို ကျူပ် မေတ္တာဘာဝနာနဲ့ မျက်ရည်သုတ်ပေးရဦးမယ်။ မငြိမ်း သေးတဲ့ သောက ဒုက္ခ ပရိဒေဝမီးရှိသူများ ရှိရာ အရပ်ကိုသွားပြီး ကျူပ် ကျင့်ကြံလို့ ရခဲ့တဲ့ မီးငြိမ်းမိုးတွေကို ရွာချပေးရဦးမှာ ပေါ့ဗျာ။ ရွာချပေးရဦးမှာ ပေါ့။

**မှူခင်းရောင်စုံ**

**၂၀၀၁ ခုနှစ် အောက်တိုဘာ**

* * *